**အမေရိကန်နိုင်ငံက ပြန်လည်ပေးအပ်သော အကောက်ခွန်သက်သာခွင့်ဆိုင်ရာ GSP အစီအစဉ်အရ GSP Form-A များကို လျှော့ပေါ့ထားနိုင်ပြီ ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံက တစ်ဖက်သတ်ပေးအပ်သော GSP အခွင့်အရေးကို ခံစားခွင့်ရှိသည့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ (Least Developed Beneficiary Developing Country) အဖြစ် ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့မှ စတင်ကာ ပြန်လည်ခံစားခွင့်ရရှိခဲ့ပါသည်။ အမေရိကန် GSP အစီအစဉ်အရ သတ်မှတ်ပြဋ္ဌာန်းထားသော ပင်ရင်းနိုင်ငံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ကုန်စည်စာရင်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website ဖြစ်သော [www.commerce.gov.mm](http://www.commerce.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အစီအစဉ်တွင် အကျုံးဝင်သော ကုန်စည်များကို အမေရိကန်နိုင်ငံသို့တင်ပို့ပါက GSP Form-A များကို ကုန်သွယ်ရေးဦးစီးဌာနတွင် (၁၃-၁၁-၂၀၁၆) ရက်နေ့မှ စတင်ကာ လျှော့ပေါ့ထားနိုင်ပြီ ဖြစ်ကြောင်းနှင့် ပို့ကုန်တင်ပို့သူများ အနေဖြင့် ရရှိလာသော အခွင့်အရေးကို အကျိုးရှိစွာအသုံးချ၍ အမေရိကန်နိုင်ငံသို့ ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**